WISH FULFILLING

PHILOSOPHER'S STONE

# လိုတရပြဒါးရှင်လုံး

(ကျောင်းသင်္ချိုင်းရှေ့၌ ပရိသတ်များစုဝေးရောက်ရှိနေကြစေ)

**အခွန်ဆောင်သူ (၁)** ။ ဒို့ငွေတွေဒို့ပိုက်ဆံတွေကုန်ပြီ။

**အခွန်ဆောင်သူ (၂)** ။ ခုနှစ်နှစ်လုံးလုံးဒီလူဖြုန်းခဲ့တာ။

**အခွန်ဆောင်သူ (၃)** ။ ဒို့ကသာအခွန်ငွေတွေပေးဆောင်နေရတာ။ ဘုရင်ငွေတိုက်ကတော့တက်တက်ပြောင်နေပြီ။

**ခွန် (၁)** ။ ဒီလူကတစ်မျိုးဘဲဖြစ်မှာပါ။ ဒို့ရဲ့ရွှေတွေကိုရင်းထား ရတာဘာမှလဲအကျိုးမထူးပါဘူးကွ၊ ဒုံရင်းဒုံရင်းပါဘဲဗျာ။

**ခွန် (၃)** ။ ဘုရင်ကြီးတောင်မှစိတ်ကုန်နေပြီ။

**ခွန် (၂)** ။ သူ့ရဲ့ကတိစကားတွေကိုလဲဘာမှယုံစရာမလိုတော့ဘူး။ ဒီလူကို ကန်ထုတ်လိုက်ကြစို့။ နှင်ထုတ်လိုက်ကြတော့။

**ဘုန်းကြီး** ။ (အတွင်းမှအော်သံ) ဟဲ့ငမိုက်သားတွေ။ ငါကျမ်းအစုံစုံကိုလေ့လာထားတာဟ။ ကျမ်းတွေမှာဖော်ပြထားတဲ့အတိုင်းလုပ်တာဘဲဟ။ ဘုရင်ကြီးကို ငါ့လုပ်ငန်းကြီးအောင်မြင်အောင်ပိုက်ဆံအနည်းငယ် ထပ်စောင်းပေးဖို့လျှောက်တင်ရတော့မှာဘဲ။

**ဘုန်း** ။ (နန်းတော်၌) အသင်မင်းကြီး။ ကျွန်ုပ်အား ယုံကြည်စိတ်ချစွာဖြင့် နှစ်စဉ်နှစ်တိုင်းထောက်ပံ့တော်မူခဲ့ပါတယ်။ ကျွန်ုပ်တို့နောက်ဆုံးအောင်မြင်မှုအဆင့်သို့ရောက်ရှိနေပါပြီ အသင်မင်းကြီး။ မျက်နှာလွှဲတော်မမူပါနဲ့။

**ဘုရင်** ။ ကျွန်ုပ်အသင့်အား ပံ့ပိုးကူညီရာမှာ ဘဏ္ဍာတော်တိုက်မှာလည်း အိတ်သွန်ဖါမှောက်အသပြာဆိုလို့ လုံးဝမကျန်တော့ဘူး။ ပြည်သူတွေလဲ ဒေါသပုံထနိုင်ကုန်ကြပြီ။ ကျွန်ုပ်အသင့်အား ဆက်လက်မကူညီနိုင်တော့ဘူး။ ဒါဘဲ။

**ဘုန်း** ။ မှန်လှပါ။ ရွှေစိတ်တော်မညိုးပါနဲ့။ အသင်မင်းကြီးလက်ကလက်စွပ်ကိုတော့ပေးသနားပါ။

**ဘုရင်** ။ ကံတော်ကုန်သွားတဲ့ ကျုပ်မိဖုရားရဲ့ လက်စွပ်ဖြစ်လို့မပေးနိုင်ပါဘူး။

**ဘုန်း** ။ ဒါနောက်ဆုံးတောင်းဆိုခြင်းပါ အသင်မင်းကြီး

**ဘုရင်** ။ (လက်စွပ်ကိုချွတ်၍ဘုန်းကြီးအားပေးစေ) အသင်ဘုန်းတော်ကြီး ဒါနောက်ဆုံးဘဲ။ ဒီတခါမအောင်မြင်လျှင်တော့ ဘာတွေဖြစ်လာမလဲဆိုတာသိပါတယ်နော်။

**ဘုန်း** ။ ကောင်းစွာသိကြောင်းပါ။ အသင်မင်းကြီး (ဘုန်းတော်ကြီးကျောင်းသို့ပြန်သွားစေ တပည့်ဖြစ်သူကကြိုဆိုနေစေ။)
ဟဲ့-ငါ့တပည့်။ နောက်ဆုံးညွှန်ကြားချက်ကိုဖတ်စမ်းဟဲ့။

**တပည့်** ။ "သတ္တုတုံးကိုငရဲမီး အတွင်းထည့်လိုက်ပါက ပြဒါးရှင်လုံးဖြစ်သွားမည်" ဟု

ဖော်ပြထားတယ်ဘုရား။

**ဘုန်း** ။ ငရဲမီးလို့အတိအလင်းဖော်ပြထားသလား။ ဘယ်လောက်မျှကြာအောင်ထားရမှာလဲဟဲ့။

**တပည့်** ။ မှန်ပါ–အယ်–မဟုတ်ပါဘူးဘုရား။

(ဘုန်းကြီးနှင့် တပည့်တို့ငရဲမီးအတွင်းသတ္တုလုံးထည့်တိုက်သောအခါ မီးခိုးလုံးများထွက်လာစေ)

**ဘုန်း** ။ ဘာထူးခြားလည်းဟဲ့။

**တပည့်** ။ ဘာမှမထူးခြားသေးပါဘုရား၊ (ထိုအခါ ဆူပွက်သံများကြားရစေ) ဟဲ့–နောက်တစ်ခါကြည့်လိုက်ပါအုန်းဟဲ့။

**တပည့်** ။ ဘာမှမထူးခြားသေးပါဘူး။ (အပြင်၌ပြည်သူများ၏အော်သံများပိုမိုဆူညံလာစေ)

**ဘုန်း** ။ နောက်တစ်ခါကြည့်ပါဘုန်းဟဲ့။

**တပည့်** ။ မထူးခြားသေးဘူးဘုရား (ထိုအခါဆူပူသံများပိုမိုပြင်းထန်လာစေ)

**ဘုန်း** ။ ငါကိုယ်တိုင်ကြည့်မယ်။ ဒုက္ခပဲဘာမှမဖြစ်ပါလား။ ငါကျိုးစားတာမအောင်မြင်လို့ကတော့ မဖြစ်ဘူး။ (ပြည်သူများ ဆူပူရာဖက်သို့ထွက်ကြည့်ရာ လက်သီးလက်မောင်းတန်း၍ အော်ဟစ်နေကြ၍ ကျောင်းအတွင်းပြန်ဝင်လာစေ) ငါမှားပြီ။ ဒီအချိန်မှာ ငါရွှေဖြစ်အောင်လုပ်ရမဲ့အစား ကိုယ်ပျောက်အောင်အရင်ကြိုးစားဖို့ကောင်းတာကွ။

(ထိုအခါ အခွန်ပေးဆောင်သူများဝင်လာကြစေ။)

**ခွန် (၁)** ။ ဒီလူလိမ်ကဒို့ဘုရင်ကြီးကိုလိမ်စားနေတာဟေ့။

**အခွန် (၂)** ။ ဒီလူလိမ်လူညာကြီးက ဒို့ကိုတော့ အရှုံးမလုပ်နိုင်ပါဘူး။ ငါတို့ဘုရင်ကြီးနဲ့တိုင်းပြည်ကို အခွန်ပေးဆောင်ရတဲ့ငွေတွေကို နိုင်ငံခြားငွေဘဏ်မှာ စုထားတာပဲဖြစ်ရမယ်ကွ။

**အခွန် (၃)** ။ ဒီလူလိမ်ကြီးထွက်ပြေးလို့တော့မရနိုင်တော့ဘူးကွ။ လူလိမ်လူညာကြီး ကျုပ်တို့ငွေတွေပြန်ပေးရမယ်။ ဒါဘဲ။

**ဘုန်း** ။ ပြည်သူ့အပေါင်းတို့၊ ကျုပ်ရွှေဖြစ်အောင် အအိပ်ပျက်အစားပျက်ခံပြီးကြိုးစားခဲ့တာပါ။

**တပည့်** ။ ကျွန်နော်လဲပါတယ်။

**ဘုန်း** ။ ကျုပ်ရဲ့ကိုယ်နဲ့လက်တွေခြေတွေအရိုးပေါ်အရေတင်အောင် ............

**တပည့်** ။ ကျွန်တော်ကောဘဲ။

**ဘုန်း** ။ ကျုပ်ကရေးပရပိုက်ငွေမှာပါရှိတဲ့အတိုင်း ကျုပ်တို့တိုင်းပြည်ကြီးဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးနိုင်ငံဖြစ်လာအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ဆောင်ရွက်ခဲ့တာပါ။

**တပည့်** ။ ကျွန်တော်လဲအတူတူဘဲ။

**ဘုန်း** ။ ကျေးဇူးပြုပြီး စိတ်ရှည်ရှည်နဲ့ အနည်းငယ်ကျုပ်ကို အချိန်နဲနဲလေးပိုပေးကြပါ။

**တပည့်** ။ ခင်ဗျားတို့ပြည်သူတွေအားလုံးကောပေါ့။ (ဘုန်းကြီးကတပည့်ကိုခေါင်းခေါက်လိုက်စေ။)

**ဘုန်း** ။ ဟေ့ကောင် အရှုး ပြန်ကြည့်လိုက်ပါအုန်း။ ဘာထူးလဲလို့။

**တပည့်** ။ ဘာမှမထူးဘူး။ ကိုယ်တော်မအောင်မြင်တော့ဘူး။ (ခေါင်းယမ်းခါ၍ ပြောစေ)

**ဘုန်း** ။ နင်လဲပါတယ်ဟ (တပည့်ကိုရိုက်လိုက်စေ၊ ဘုန်းကြီး၊ တပည့်နှင့်အခွန်ပေးဆောင်သူများနန်းတော်သို့သွားကြစေ။)

**ဘုရင်** ။ ဘာမှကျုပ်ကိုမလျှောက်တင်နဲ့တော့။ (ဘုန်းကြီးကိုတွေ့လိုက်သည်နှင့် မျက်နှာစာဖက်သို့ လှည့်လိုက်စေ)

**ခွန်** ။ ဒီလူလိမ်လူညာကို ယခုချက်ချင်းသေစေ သတ်စေအမိန့်ချမှတ်သင့်ပါတယ်။

**ခွန်** ။ ကျုပ်တို့ပေးဆောင်ခဲ့တဲ့ငွေတွေပြန်လည်ပေးအပ်သင့်ပါတယ်။

**ဘုရင်** ။ လူလိမ်လူညာများကို မယုံကြည်တတ်တဲ့ဘုရင်အသစ်အုပ်ချုပ်ဖို့ တောင်းဆိုပါတယ်။

**ဘုရင်** ။ ပြည်သူပြည်သား၊ များတို့၊ ငါဘုရင်ကလဲ ပြည်သူအပေါင်းချမ်းသာကြွယ်ဝစေဖို့ ဒီဘုန်းတော်ကြီးကို အားပေးကူညီခဲ့ခြင်းဖြစ်ပေတယ်ဗျာ။

**ခွန်** ။ ဇော်ဂျီတောင်ဝှေးတို့ ပြဒါးရှင်လုံးတို့ဆိုတာ ပုံပြင်ထဲက ယုံတမ်းစကားတွေပါ။ မင်းကြီးရဲ့။ ချမ်းသာကြွယ်ဝဖို့ကမျော်မျက်လှည့်ပညာတွေမလိုအပ်ပါဘူး။ မှန်ကန်တဲ့စီမံကိန်းများချမှတ်ပြီးတော့ လုံ့လဝီရိယသာအဓိကလိုအပ်ပါတယ်။ အသင်မင်းကြီးဘဲအရှုးအလုပ်ခံပါ။ အလိမ်ခံပါ။ ကျုပ်တို့ကတော့ အလိမ်မခံနိုင်ပါဘူး။ ဒီအတုအယောင်လူလိမ်လူညာကို ယခုချက်ချင်းသုတ်သင်ထုတ်ဓါး ခုတ်သတ်ပြီးတော့ အသင်းမင်းကြီးနန်းတော်မှထွက်တော်မူပါ။

**ဘုရင်** ။ ကောင်းလှပေပြီဗျား။ ငါဒီအတိုင်းလုပ်ရမှာဘဲ။ မလုပ်မဖြစ်လုပ်ရမှာဘဲ (တစ်ဦးတည်းပြောစေ) ဒါပေမဲ့ဘယ်လိုလုပ်ရမှာကို မသိ တော့ပါဘူး။

**ဘုန်း** ။ ပြည်သူအပေါင်းတို့။ ဒါကျုပ်တစ်ယောက်ထဲရဲ့ မိုက်ပြစ်တွေပါ။ ကျုပ်ဝန်ခံပါတယ်။ ကျုပ်ကိုကြည့်ကြစမ်း (ဘုန်းကြီးကသူ၏မျက်လုံး အစုံကိုထိုးဖေါက်လိုက်စေ၊) ကျေနပ်ကြပြီးလား။ ကျေနပ်ကြပါပြည်သူအပေါင်းတို့။

စွန် (၁၂၂၃) ။ (အံ့သြသွားကြပြီးလျှင်) ကျေနပ်ပါပြီ။ ကျုပ်တို့ဘာမှမတောင်းဆိုတော့ပါဘူး။

ဘုန်း ။ (ကျောင်း၌) ငါ့ကျောင်းသား၊ ငါတပည့်၊ ငါ့မျက်စိကမ်းပြီ၊ ငါ့မင်းကို ယခင်ကထက် လိုအပ်တော့မယ်ကွ၊ အားကိုးရတော့မယ်ကွရွှေမဖြစ်နိုင်တဲ့ အဲဒီအမှိုက်တွေကို အိမ်သာထဲပစ် လိုက်တော့ဟေ့။ ပြီးရင်ဒို့အိပ်ကြစို့။

တပည့် ။ (ပစ္စည်းများကို စွန့်ပစ်လိုက်သည်) ငါ့ခြေးတုံးတွေရွှေဖြစ်ပါစေ။ (တပည့်ကအရက် သောက်ပြီးမူးနေစေ။ ဇီးကွက်ကဲ့သို့ ညငှက်အော်သံကြားရစေ။ ညအခါတစ်ရေး နိုး၍အိမ်သာသို့သွားသော အခါအိမ်သာတွင်းအတွင်းမှ အလင်းရောက်များထွက် ပေါ်လာ၍ အော်ပြောစေ)အမယ်လေးကယ်ကြပါ။ အိမ်သာမီးလောင်နေပြီဘုရား။

ဘုန်း ။ ငါကဘာမှမမြင်ရတော့ဘူး။ မြန်မြန်ဈေးပြေးပြီး တိရိစ္ဆာန်မျက်လုံးနှစ်လုံးသွားပြီး ဝယ်ခဲ့စမ်း။ (တပည့်ထွက်သွားပြီးလျှင် ခဏကြာလျှင်ပြန်လာစေ)

တပည့် ။ တိရိစ္ဆာန်တစ်မျိုးထဲရဲ့ မျက်လုံးနှစ်လုံးဝယ်လို့မရခဲ့ဘူးဘုရား။ နွားမျက်စိတစ်လုံး နဲ့ဆိတ်မျက်စိတစ်လုံးဘဲရခဲ့တယ်။

ဘုန်း ။ ငါကံက ဆိုးပါပေ့ကွာ။ ဒီနေ့ကစပြီးတော့ ငါ့နာမည်ကို ''အဇ္ဇ (ဆိတ်)'' ''ဂေါန'' (နွား) ရှင်အဇ္ဇဂေါနစအမည်ပြောင်းလိုက်ပြီဟေ့။ ပြဒါးရှင်လုံးပေးစမ်းဟေ့။ အေး - ဆေးပြီးမှပေးဟ။ (မျက်လုံးပေါက်များအတွင်းသို့ မျက်လုံးများကို ထည့်သွင်းလိုက်စေ။ ပြဒါးရှင်လုံးဖြင့် ပွတ်လိုက်သောအခါကောင်းစွာမြင်ရစေ။ တပည့်အားရိုက်လိုက်စေ) မင်းစာကောင်းကောင်းမဖတ်ဘူး၊ ဟဲ့ - ကျမ်း စာထဲမှာ ''ငရဲမီး''ဖြစ်ပေမဲ့အမှန်ကတော့အထင်မကြီးနဲ့၊ မစင်ချီးဖြစ်ရမှာဟဲ့ ငါ့တပည့်ရဲ့။

တပည့် ။ နို့ - သိမှာမသိဘဲ။ ဆရာတော်ဘုရားရဲ့။
(ဘုန်းကြီးကတပည့်အား ရိုက်လိုက်စေ။)
ဒါပေမဲ့ - ရွှေနဲ့တော့မတူဘူးဘုရာ့။

ဘုန်း ။ ဟုတ်ပါတယ်ဟ တပည့်ရ။ ရွှေတော့မဟုတ်ဘူး။

။ ဟုတ်ပါတယ်၊ တပည့်ရ မှော်ဝိဇ္ဇာအစွမ်းရှိတဲ့အတုံးအခဲဘဲဖြစ်ရမယ်။ ဒါကြောင့်ငါ့ပြန်မြင်ရတာပေါ့။ လာလာ၊ နန်းတော်သွားကြစို့။

ဘုန်း ။ (နန်းတော်၌) အသင်မင်းကြီး၊ ကျုပ်ကိုကြည့်လိုက်ပါအုန်း။ ကျုပ်မျက်စိတွေကောင်း သွားပြီ။

ဘုရင် ။ မှန်ပေတယ်အသင်ဘုန်းတော်ကြီး။ ထူးဆန်းအံ့သြဖွယ်ကောင်းပေတယ်။ ကောင်းကောင်းမြင်တွေ့ရပြီလားဘုရား။

ဘုန်း ။ ပြဒါးရှင်လုံးကြောင့် ကျုပ်ကောင်းစွာမြင်တွေ့ရပါပြီ။ ပြည်သူအပေါင်တို့အားမြေအိုး

စဥ့်အိုးများနှင့်တောင်းများ၊ ယူဆောင်ခဲ့ကြဖို့ ကြေညာမောင်းခတ်ခိုင်းလိုက်ပါတော့ အသင်မင်းကြီး။ ပြည်သူတွေယူဆောင်လာခဲ့သမျှရွှေဖြစ်ပါစေမယ်ဗျား။

**ဘုရင်** ။ ကောင်းခြင်းအဖြာဖြာနဲ့ ပြည့်စုံပါပြီဗျား။ အသင်းဘုန်းတော်ကြီးအောင်မြင်မယ်လို့ ကြိုတင် ထင်မြင်ထားကြောင်းပါဘုရား။ (အခွန်ပေးဆောင်သူများမြေအိုးများဖြင့် ရောက်ရှိလာကြစေ။)

**ဘုန်း** ။ အသင်မင်းကြီး၊ ရှုလော့။ အသင့်လက်စွပ်ကို အသန့် ဆုံးရွှေစင်အဖြစ်ပြောင်းလဲပြ ပါ့မယ်။ ရှုးစါးတော်ပါ။ (ပလပ်စတစ်လက်စွပ်အဖြစ်ပြောင်းလဲသွားစေ။)

**ဘုရင်** ။ ကျုပ်လက်စွပ်ရွှေမဟုတ်တော့ပါလား။

**ခွန်** ။ ဟဲ့ – အယောင်ဆောင်မသမာကောင်ကြီး။
ကျုပ်စဥ့်အိုးကို ဖျက်ဆီးလိုက်ရသလား။
(ဘုန်းကြီးကိုရိုက်စေ)

**ခွန်** ။ ကျုပ်ခြင်းဘောင်ကိုလဲဘာလုပ်ပြစ်တာလဲ။ (ဘုန်းကြီးကို ဆက်ရိုက်စေ။)

**ခွန်** ။ ခင်ဗျားက ရိုးရိုးလူလိမ်မဟုတ်ဘူး။ အဆိုးဆုံးလူလိမ်လူညာကြီးတစ်ဦးဘဲ (ရိုက်စေ။)

**ဘုန်း** ။ ငါတပည့်က ငါ့ကိုလိမ်လို့ခံကြရတာ။ (တပည့်အားရိုက်လိုက်သောအခါပလပ်စတစ် ဖြစ်သွားစေ။)

**ဘုရင်** ။ အသင့်ကြောင့် ကျုပ်များစွာစိတ်မချမ်းမြေ့အောင်ဖြစ်မိတယ်။ အသင်လူယုတ်မာ၊ ကျုပ်နန်းတော်ထဲမြန်မလာနဲ့တော့ ပလစ်စတစ်လက်စွပ်ကို အောက်သို့ပစ်လိုက်ရာ ဘုန်းတော်ကြီးကကောက်ယူစေ

**ဘုန်း** ။ ကျုပ်နားမလယ်ပါဘူး။ ဒါကဘုရင့်လက်စွပ်ဘဲ။ ပျော့လိုက်တာ။ ဖလ်လက်စွပ်များလား။ ဒါပေမဲ့မကွဲနိုင်ဘူး။ ထူးဆန်းလိုက်တာ။ တန်ဖိုးတော့အနဲအများရှိပုံပေါက်တယ်။ (တပည့်ဖက်သို့လှည့်လိုက်စေ) အလိုမင်းကလုံးဝမလှုပ်ရှားတော့ပါလား။ ကော်ပန်းပုရုပ်လုံးဖြစ်သွားသလားဟင်။ အတော်ပေါ်သွားတာဘဲ။ မျက်လှည့်လား၊မှော်လား၊ထူးခြားဆန်းကျယ်လှပါလား။ဘာကြောင့်လဲမသိဘူး။ ပြဒါးရှင်လုံးဆိုတဲ့ပစ္စည်းရေ၊ ငါကဝိဇ္ဇာလဲမဟုတ်၊ ဇော်ဂျီလဲမဟုတ်၊ တပဿီလဲမဟုတ်။ ငါဘာကောင်းမှုန်းကိုမသိတော့ဘူး။

**အခန်း (၂)**

**ခွန် (၁)** ။ ဆိတ်နှာခေါင်းကိုယ်တော်ကြီးရေ၊ အဲလေ – ယောင်လို့၊ ရှင်အဇ္ဇဂေါနံခင်ဗျား။ ကျုပ်ရဲ့ စဥ့်အိုးကို ကျုပ်အိမ်ပြန်တော့မပစ်လိုက်ပါဘူး။ ရေထဲ့ပြီးမှ ပျော့ဘော့ပျော့သွားတယ်။ ဒါပေမဲ့ ရေဝင်ဆန့်မှုကတော့ပိုများတယ်ဗျ။

ခွန် (၂) ။ ရေမဝင်အောင်လဲလုပ်လို့ရတယ်ဗျာ။ မြစ်ရေလျှံလို့ကျုပ်သံမဟုတ်တော့တဲ့၊ ရေချိုးကန်ထဲမှာ လှေလိုဝင်ထိုင်နေရလို့ရတယ်။ ကံကောင်းလို့ဗျ။ ကိုယ်တော်ကျုပ်အိမ်မှာရှိသမျှပစ္စည်းတွေကို တို့ပေးပါလားဗျာ။

ဘုန်း ။ မင်းတို့တကယ်ပြောနေကြတာလား ?

ခွန် (၃) ။ ဒါကျွန်တော်ရဲ့ကုတ်အင်္ကျီပေါ့။ (ပြဒါးရှင်လုံးဖြင့်တို့လိုက်စေ) ဟော - ခုချက်ချင်းမိုးကာအင်္ကျီဖြစ်သွားပြီဗျ။ ဟန်ကျလိုက်တာဗျာ။ ကျွန်တော်ခုဆိုဆပ်ပြာဝယ်မယ်။ အချိုရည်တွေဝယ်မယ်။ ကြမ်းမရှဲတော့ဘူးပေါ့။ ကဲ - လက်ဆေးခွက်ကိုလဲ တို့လိုက်အုန်းမယ်။ အဲဒါတွေအပြင် ဟောဒီဟာတွေကိုလဲ တို့ပေးပါအုန်းဗျာ။ (ရှိသမျှပစ္စည်းများထုတ်၍တို့ခိုင်းစေ)

ဘုန်း ။ မောင်ရင်တို့တကယ် ပြောနေကြတာလား။

ရွှေတော့မဟုတ်ဘူးနော်၊ အခုကျုပ်လက်နဲ့တို့တာနဲ့ရနေပြီ။ ရွှေတော့မဟုတ်ဘူးနော်။

ခွန် (၁) ။ ရွှေလိုတော့မလှဘူး။ ပေါ့ ။ အသုံးကတော့ ပိုဝင်တယ်ဗျာ။ ကျုပ်ဟိုတုန်းကလိုဝါဂွင်ပျောရွက်တို့ ထန်းရွက်တို့နဲ့ထွေး ယက်လုပ်စရာမလိုတော့ဘူးဗျ။ နောက်ပြီးတော့ သင်္ကာနဲ့ရွှံ့နဲ့စဉ့်အိုးနဲ့လဲအိုးတွေခွက်တွေလဲ မလိုတော့ဘူး။ ငှက်ပျောရွက်တွေ ကျွန်းရွက်တွေနဲ့လဲ ထုတ်ပိုးစရာမလိုတော့ဘူးဗျ။ ဒီပစ္စည်းအသစ်က ပိုပြီးတော့လဲသန့်ရှင်းတယ်၊ ကိုင်ရတွယ်ရလို့လဲပိုကောင်းတယ်။ အိမ်မှာရှိသမျှပစ္စည်းတွေအားလုံးကို ဒီပစ္စည်းနဲ့ဘဲဖြစ်စေချင်တယ်ဗျာ။

ဘုန်း ။ ရှေးလဲပေါ်ပါတယ်။ ကျုပ်ရဲ့လက်နဲ့ထိပြီး ပစ္စည်းတွေကိုပြောင်းလဲပေးရလို့ တစ်ပြားမှမယူပါဘူးစိတ်ချပါ။

ခွန် (၂) ။ သို့သော် - ဘယ်သူမဆိုဝင်ငွေကတော့ရှိရမှာဘဲ။ ဟောဒီမှာခင်ဗျားရဲ့ကူညီမှုအတွက် ကျုပ်ကငွေ ၅၀၀၀ကျပ်ပေးပါတယ်။

ဘုန်း ။ နေပါစေ မပေးပါနဲ့။ တွေ့သမျှလူတွေအားလုံးကို ကျုပ်ဆီကိုလွှတ်လိုက်စမ်းပါ။ အခွန်ဆောင်သူ (၁)ထွက်သွားစေ။ အလို - လှပတဲ့ပန်းတွေပါလား။ ပန်းများခူးပြီးလျှင် နမ်းကြည့်စေ။ အလို - ဘယ်လိုဖြစ်တာပါလိမ့်။ ဒီပန်းတွေလဲ ပြောင်းလဲသွားပြီ။ ပန်းအစစ်တွေနဲ့တော့တူတာဘဲ ဒါပေမဲ့ အနံ့တော့မရှိတော့ပါလား။ ဒီပန်းတွေကတော့ မသေ့မချောက်တော့ဘူးထင်တယ်။ ဒီပစ္စည်းအသစ်ကအတော့ကို ဆန်းကြယ်တာဘဲ၊ ကျုပ်က မသေနိုင်တဲ့နည်းလမ်းကိုတွေ့ရှိနေပြီး ဒီကျောက်တုံးက ရွှေဆက်တောင်တန်ဖိုးရှိနေတာဘဲ။ ကျောက်တုံးကိုနမ်းလိုက်စေ။ ကျုပ်ဘာမဆိုတို့ပေးမယ်။ ရေလောင်း ဖို့မလိုတဲ့ ပန်းပင်တွေ၊ အမြဲတမ်းပွင့်လန်းလှပနေမဲ့ ပန်းတွေ၊ အမြဲတမ်းရှင်သန် လှပနေတဲ့ သစ်ပင်တွေ။ ငါဘာမဆိုပြောင်းလဲပေးမယ်။ (လူအများကတန်းစီနေကြစေ)

**ဘုရင်** ။ (ဘုရင်ရောက်ရှိလာ၍) ရှိသမျှပစ္စည်းအားလုံးကို ပိုမိုလှပအောင် ပြောင်းလဲပေးပေတော့။

**အခန်း (၃)**

**ဘုန်း** ။ (ဝန်ဖော်င်းဖြင့်ခေါင်းဆောင်းထားစေ) မှန်လှပါ ပြည်သူပြည်သားများအားလုံးကထူးခြားတဲ့ ပစ္စည်းတီထွင်ပေါ်ပေါက်လာတဲ့ အတွက် ဝမ်းသာနေကြကြောင်းပါ မင်းကြီး။

**ဘုရင်** ။ အားလုံးတော့မဟုတ်ပေဘူးဗျ။ အချို့ကလည်းအလုပ်လက်မဲ့ဖြစ်ကုန်ကြတယ်။ အိုးထိန်းသည် တွေ ၊ ကောင်း၊ တွေခြင်းတွေယက်လုပ်တဲ့လူတွေ၊ အသင့်ရဲ့မှော်အတတ်ပညာက အားလုံးကိုပြောင်းလဲလိုက်တာဘဲ။

**ဘုန်း** ။ ရာဇပလ္လင်ရှိရာနန်းအဆောင်များဆိုလျှင်လဲ ရွှေရောင်ဖိတ်ဖိတ်တောက်နေတာပါဘဲ။ သို့သော်အသင်မင်းကြီးရဲ့ ဘဏ္ဍာတော်တိုက်ကဘာမျှထုတ်နှုတ်သုံးစွဲခြင်းမရှိခဲ့ဘဲ အသင်မင်းကြီးရဲ့ကရဝိတ်ရွှေဖော်င်တောင်ကြီးဟာလဲ ကြက်သရေ ရှိစွာမြစ်ဆိပ်၌ ဆိုက်ကပ်ထားပါတယ်အသင်မင်းကြီး။

**ဘုရင်** ။ ဟုတ်မှန်ပါပေတယ်၊ ကျုပ်ဝတ်ဆင်တဲ့ သရဖူကလဲယခင်လို မလေးတော့လို့ ဟိုတုန်းကလိုခေါင်းမကိုက်တော့ဘူး။ ကောင်းတာတော့ကောင်းပါတယ်။ ဒါပေမဲ့ ကျုပ်အတွက်ကတော့ ဒီပစ္စည်းအထူးအဆန်းကို နားလယ်နှစ်သက်ဖို့ကတော့ အတော်ကြာမြင့်ခဲ့တယ်။ မောင်မင်းသွားလို့ရပါပြီ။

။ (ဘုန်းတော်ကြီး ထွက်သွားစေ သားတော်ရောက်ရှိလာစေ။)

**ဘုရင်** ။ သားတော်၊ ပြည်သူတွေနဲ့တွေ့ဆုံမေးမြန်းပြီးဒီပစ္စည်းနဲ့ပတ်သက်ပြီးတော့ ပြည်သူတွေ ဘယ်လိုသဘောထားကြသလဲဆိုတာ မျက်စိဖွင့်နားစွင့်ပြီး စနည်းနာစေဗျား။ (၁၀)နှစ်ကျော်အောင် အသုံးပြုလာခဲ့ပြီဖြစ်တဲ့အတွက် ဒီပစ္စည်းကို ပစ္စည်းအသစ်လို့တော့မခေါ်စေချင်တော့ဘူး။ ယခုအချိန်အထိ ဒီပစ္စည်းမှာသင့်လျော်တဲ့အမည်မရှိသေးဘူး။

**မင်းသား** ။ ဓါတုဗေဒကျွမ်းအရကတော့ ဒီပစ္စည်းကို ပိုလီအက်သရင်းပါ။ ဒါပေမဲ့ လူတွေကတော့ပလပ်စတစ်လို့ဘဲခေါ်ကြပါတယ်။

**ဘုရင်** ။ လူတွေအရင်ကလိုဒီပစ္စည်းကို ကြိုက်ကြသေးရဲ့လားဆိုတာ ခမည်းတော်သိလိုတယ်။

**မင်းသား** ။ ပိုပြီးတော့ကြိုက်လာကြလို့ အသုံးများဆုံး ပစ္စည်းဖြစ်နေပါတယ်။ သစ်တွေ၊ သတ္တုတွေ၊ မြေတွေ အစားပလပ်စတစ်ကိုအစားထိုးသုံးစွဲလာကြပြီ။

**ဘုရင်** ။ ကောင်းတဲ့အရာတိုင်းမှာ ဆိုးကြိုးဆိုတာရှိစမြဲဘဲ။ သားတော်သွားပေတော့။ မင်းသားကအခွန်ပေးဆောင်သူများနှင့်တွေ့စေ။

**ခွန် (၁)** ။ ဟိုတုန်းကငှက်ပြောရွက်တွေ စက္ကူတွေသုံးတုန်းကဆိုရင် မကြာမီမြေကြီးထဲမှဆွေးမြေ့ပျောက်ပျက်သွားတာ။ ခုတော့ပလပ်တစ်အမှိုက်ပုံတွေဖြစ်နေတယ်။ မြင်လို့မကောင်းတော့ဘူး။

**ခွန်** (၂) ။ ဒီပလစ်စတစ်အမှိုက်တွေက မြစ်ချောင်းတွေပင်လယ်သမုဒ္ဒရာတွေထဲတောင်ရောက်ကုန်ပြီ။ ပိုက်ကွန်တွေထဲမှာ ပါလာတတ်တယ်။ ပလစ်စတစ်အများဆုံးပါတဲ့ အမှိုက်ပုံတွေမြို့တိုင်း ရွာတိုင်းမှာ စိတ်ပျက်စရာတွေ့နေရပြီ။ ငှက်တွေငါးတွေက အစာမှတ်ပြီးစားတဲ့ထဲအခါ အစာအိမ်ပိတ်ဆို့ပြီး၊ သေကုန်ကြတယ်။ ဝေလငါးကြီး။တစ်ကောင်လဲပလပ်စတစ်အပြား ကြီးမြိုမိလို့သေသွားတယ်။

**ခွန်** (၃) ။ ပလပ်စတစ်အမှိုက်တွေကြောင့် ရေမြောင်း၊ တွေပိတ်ဆို့ပြီးတော့မြို့ပေါ်ကလမ်းတွေမှာ မိုးရေတွေတင်လာတတ်တယ်။ လူတွေယဉ်အမျိုးမျိုးတွေ သွားလာမှုဒုက္ခရောက်နေကြ တယ်။

**မင်းသား** ။ ဒီပစ္စည်းတွေစုပုံပြီးမီးရှို့လိုက်ရင်ကော။

**ခွန်** (၁) ။ မီးရှို့ရင်လည်း ဒီမီးခိုးတွေကလေထဲမှာ အဆိပ်ငွေ့တွေနဲ့ လေထုညစ်ညမ်းစေတယ်။ လူတွေကင်ဆာရောဂါရနိုင်တယ်။

**ခွန်** (၂) ။ ရေထုကိုလဲ ညစ်ညမ်းစေတယ်။ နေအပူချိန်ကြောင့်ရေကို အဆိပ်အတောက်ဖြစ်စေတော့ တာဘဲ။

**ခွန်** (၃) ။ မြေကြီးထဲမှာတွင်းနက်နက်တူးပြီး မြုပ်လို့ကောမရဘူးလား။

**ခွန်** (၁) ။ မြေကြီးထဲမှာ ဒီပစ္စည်းတွေကဘယ်တော့မှ ပျက်စီးဆွေးမြေ့ပျောက်ပျက်သွားမှာမဟုတ် ဘူး၊ အခုဆိုတပြည်လုံးရဲ့ပလပ်စတစ် အမှိုက်တွေဟာ ပုပ္ပါးတောင်တက် တောင်မြင့်တဲ့ အပုံကြီးဖြစ်နေလောက်ပြီ။

**မင်းသား** ။ ပင်လယ်ထဲမျှောလိုက်ရင်ကောကွာ။

**ခွန်** ။ အခုဆိုရင် သမုဒ္ဒရာထဲမှာမြန်မာပြည်လောက်ရှိတဲ့ ပလပ်စတစ်ကျွန်းကြီးလောက်တောင် ဖြစ်ပေါ်နေလောက်ပြီ။

**မင်းသား** ။ တခြားတိုင်းပြည်တွေကို တင်ပို့ရင်ကောမဖြစ်နိုင်ဘူးလား။

**ခွန်** ။ ဒါပေမဲ့ – တခြားတိုင်းပြည်တွေက ဒီနိုင်ငံကို ပလပ်စတစ်အမှိုက်တွေပြန်ပို့နေကြတယ်။

**မင်းသား** ။ ဒါဖြစ်ရင်တော့လျှော့သုံးကြပေါ့။

**ခွန်များ** ။ မဖြစ်နိုင်ဘူး မဖြစ်နိုင်ပါဘူး ဒီပစ္စည်းက အဆင်ပြေတယ်ဈေးပေါတယ်။ လျှောင်ဒါဏ်ကြောင့် ဂူဘုရားတွေရဲ့ အက်ကွဲကြောင်းတွေအတွင်းကို စွန့်ပစ်ပလစ်စတစ် တွေနဲ့ ထည့်သွင်းပြီးတော့အပြင်က အင်္ဂတေနဲ့ဖုံးအုပ်လိုက်တာနဲ့ အပေါ်မျက်နှာပြင်မှာ ချိုင့်ပေါက်တွပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ချိုင့်အပေါက်တွေအတွင်းမှာဘာရှိနယ်ဆို တာကို မသိနိုင်တော့ဘူးပေါ်။

**ဘုရင်** ။ အေး – ဒီကိစ္စကUNESCO နဲ့ တိုင်ပင်ရအုန်းမယ်

**မင်းသား** ။ လူတွေကို ပညာပေးရအုန်းမယ်။ လူတွေက နေရာတကာမှာ ပလစ်စတစ်အသုံးပြုနေကြတော့ ဒုက္ခရောက်နေကြပြီ။ လူတွေအများစုက ပလပ်စတစ်မရှိရင် မနေတတ်ကြတော့ဘူး။

**ဘုန်း** ။ မှန်ပါ၊ ရွှေထက်တောင်တန်ဖိုးရှိနေပါတယ်။

**မင်းသား** ။ အသုံးဝင်မှုအနေနဲ့ သာ တန်ဖိုးကြီးနေတာပါ။ ငွေကြေးတန်ဖိုးအရတော့မဟုတ်ပါဘူး။ အခုဆိုရင် ပလပ်စတစ်အိတ်တွေဘူးတွေခွက်တွေပုလင်းတွေအများဆုံးပါဝင်တဲ့အမှိုက်ပုံကြီးတွေကို နေရာတကာမှာတွေ့နေရတဲ့ပြသနာကို လူတွေဆီကကြားနေရတယ်။ ရထားလမ်းတလျှောက်မှာ ရှိတဲ့မြို့တွေရွာတွေမြစ်ချောင်းတွေနဲ့ပင်လယ်ကမ်းစပ်တွေနားမှာ ပလပ်စတစ်အမှိုက်ပုံတွေပိုပြီးတော့များနေတယ်။ ဘယ်လိုဒီပြသနာကိုဖြေရှင်းရမလဲ ဆိုတာမသိတော့ဘူး။

**ဘုရင်** ။ ရှင်အဇ္ဇဂေါနဖြေရှင်းပေးလိမ့်မယ်။ သူဘဲဖန်တီးခဲ့တာလေ။ ရှေးပရပိုက်ကျမ်းစာတွေကို ပြန်ပြီးလေ့လာလိုက်ပါအုန်း။

**ဘုန်း** ။ ဒါတွေကိုဖြေရှင်းဖို့ကစာအုပ်တွေမလိုပါဘူး။ ဘုရင်ဖြစ်လို့ဘယ်လိုဖြေရှင်းရမလဲဆိုတာ သိလာပါလိမ့်မယ်။

**ဘုရင်** ။ တယ်တော်ပြီးတော့တော်တော်ပြောတတ်တာကိုးဗျ။

**ဘုန်း** ။ ဒီကိစ္စကလွယ်ပါတယ်။

**မင်းသား** ။ ရှင်အဇ္ဇဂေါနမလုပ်ပါနဲ့ (ဓါးနှင့်တိုက်ခိုက်မည်ပြုစေ)

**ဘုန်း** ။ ဟားဟားဟား။ မင်းရဲ့ဓါးကိုငါမကြောင်ပါဘူး။ ကျုပ်ဘယ်သူ့ကိုမှမကြောက်ဘူး။ မင်းငါ့ကို အန္တရာယ်မပြုနိုင်ဘူး။ သူ့ကိုယ်သူဓါးနှင့်ခုတ်ပြပြီးလျှင် ဒီမှာကြည့်စမ်း။ ငါလုံးဝဘာမှမဖြစ်နိုင်ဘူး။ အသင်မင်းကြီးရဲ့ထီးနန်းကို ကျုပ်ကိုပေးအပ်တော့အသင်တို့သားအဖနှစ်ယောက်တောထဲသွားပြီး ရသေ့ဝတ်နေကြတော့။ သမီးတော်ကိုတော့ ကျုပ်ကိုပေးခဲ့။ ကျုပ်ယူမယ်။

**ဘုရင်** ။ လုံးဝမဖြစ်နိုင်ဘူး။ သူကလဲသဘောတူမှာမဟုတ်ဘူး။

**ဘုန်** ။ သူကသဘောတူပြီးပြီကွ။

**မင်းသား** ။ ခမည်းတော်၊ နမတော်ကခမည်းတော်ရဲ့ အသက်ကို ကယ်တင်ဖို့သူ့ကိုယ်သူ အနစ်နာခံလိုက်ပြီ။ ကဲတောကိုဘဲသွားကြပါစို့။ ဘုရင်နှင့်မင်းသားထွက်သွားကြစေ။

**ဘုန်း** ။ အို – အရှင်ပလပ်စတစ်။ ဒီရွှေရုပ်ပုံတွေနေရာမှာပလပ်စတစ်အရုပ်တွေနဲ့ အစားထိုးဖြစ်ရမယ်။ ဒါမှဘုရင့်ဘဏ္ဍာတော်ပြန်ပြည့်လာမှာ။

**မင်းသမီး** ။ ရှင် – ပလ္လင်ပေါ်မှာ ဘာလုပ်နေတာလဲ။ ခမည်းတော်နဲ့ အစ်ကိုတော်ရော၊ ဘယ်မှာလဲ။

**ဘုန်း** ။ ငါကဘုရင်ဖြစ်နေပြီ။ ပြီးတော့ငါကနင့်လင် နင်ကငါ့မိန်းမဖြစ်ပြီ။ ငါ့ကိုဒူးထောက်ပြီးခစားစမ်း။

**သမီး** ။ ဒါလုံးဝမဖြစ်နိုင်ဘူး။ ဖခမည်းတော်ကယ်ပါအုန်း။ ရှင်အဇ္ဇဂေါနကမင်းသမီးကို ထိလိုက်ရာ မင်းသမီးပလစ်စတစ်အရုပ်ဖြစ်သွားစေ။

**ဘုန်း** ။ဟောဗျာ။ မင်းသမီးလဲပလပ်စတစ်အရုပ်ဖြစ်သွားပြီ။ ဒါင့်ရဲ့မဟာအမှားဘဲ။ ငါဘာလုပ်ရမလဲလို့မသိတော့ဘူး။ ဟော့ – ငါ့အတွက်အစားအစာတွေယူခဲ့လမ်း။ (စားကြည့်စေ) ဟာ – ပလပ်စတစ်အနံ့ကြီးနဲ့တော်တော်ဆိုးတာဘဲ။ ဒီတိုင်းသာဆိုရင်တော့ ငါလဲအစာငတ်ပြီးသေတော့မှာဘဲ။ ဟော – သတိရပြီ။ ငါ့တပည့်ကအကြံဉာဏ်ကောင်းတွေထုတ်တတ်တယ်။ တပည့်ကိုပြန်ပြီးအသက်သွင်းဖို့ငါဘာယ်လိုလုပ်ရမလဲ – စဉ်းစားစမ်း။ ငါတတ်ထားတဲ့ ဂါထာနဲ့ကြံဖန်ပြီးရွတ်လိုက်မယ်။ တုံးအောက်ကဖါး၊ ဖေါင်းတဲ့ဖါးကဖေါင်း၊ ပြားတဲ့ဖြားကပြား။ ကဲ – အသက်ပြန်ဝင်လာစမ်း။ (တပည့်အသက်ပြန်ဝင်လာစေ) ကဲ – ငါ့ကျောင်းသား၊ ငါ့တပည့်ရေ။ မင်းငါ့ကိုအရင်ကထဲကစပြီး သတိပေးသင့်တယ်။ ဒို့–ဘာလုပ်ရမလဲ။ ငါမင်းကို ပြဒါးရှင်လုံး ပေးထားတယ်ကွ။ မင်းဘဲပိုင်တာဘဲ။ လူတွေကရွှေဆိုရင်ကြိုက်ကြတယ်။ ငါကလပ်စတစ်ဆိုတဲ့ ပစ္စည်းနဲ့အစားနဲ့ အစားထိုးခဲ့တယ်။ ဟောဒီမှာဘုရင်ရဲ့ရွှေလက် စွပ်၊ ငါ့ရဲ့မလိုလောဘတွေဖြစ်တဲ့ မတရား နည်းနဲ့ချမ်းသာကြွယ်ဝမှုအာဏာရူးမှုတွေ၊ တဏှာတွေ၊ကျော်ကြားမှုတွေ ကိုစွန့်လွှတ်လိုက်ပါပြီ။ ယခုတော့ ငါဟာဆင်းရဲမွဲတေသွားပြီ။ငါ့တပည့်ရယ်ငါမင်းကို ပလပ်စတစ်အဖြစ်ပြောင်းလဲမိခဲ့တဲ့အတွက် ငါတောင်းပန်ပါတယ်။ ငါ့ကိုခွင့်လွှတ်ပါ။မင်းကို အိမ်သာတွင်းထဲတွန်းချပြီး ဘာဆက်လုပ်ရမလဲဆိုတာကို ငါသိချင်တယ်။

**တပည့်** ။ ဟာမလုပ်ပါနဲ့။ မလုပ်ပါနဲ့။

**ဘုန်း** ။ မင်းအသက်ပြန်ရှင်လာပြီဘဲ။ နောက်မှဘဲမင်းတို့ငါတို့ ပျော်ဖို့ကိုစိတ်ကူးကြတာပေါ့။ ဒို့မှာဒုက္ခတွေက အများကြီးရှိသေးတယ်။ ပလပ်စတစ်ကကောင်းကျိုးအတွက်နဲနဲဘဲပေးနိုင်ပြီးဆိုးကျိုးကများများပေးနိုင်တယ်။ လူတွေရဲ့ဒီအကျင့်ဆိုးကြီးကိုဘယ်လိုဖျောက်ဖျက်ရမလဲ။ မင်းရဲ့စိတ်ကူးကို ပြောပြစမ်းပါကွာ။

**တပည့်** ။ ပလပ်စတစ်လူဖြစ်နေရတာထက်တော့ လွယ်ပါတယ်။ ကျွန်တော့်အမေကပြောဘူးတယ်။ ဆုံးဖြတ်ချက်တစ်ခုကိုချတော့မယ်ဆိုရင် ဆိုးကျိုးနဲ့ကောင်းကျိုးတွေရဲ့ဆက်နွယ်မှုအခြေအနေကိုသုံးသပ်သိရှိနိုင်ရမယ်တဲ့။

**ဘုန်း** ။ ဘယ်လိုပုံစံဆိုတာငါနားလည်ပြီ။

**တပည့်** ။ ပလပ်စတစ်နဲ့ပြုလုပ်ထားတဲ့ ပစ္စည်းတွေက ကြာရှည်ခံတယ်။ ဒါပေမဲ့သစ်တို့ ၊ သတ္တုတို့၊ မြေတို့နဲ့ လုပ်ထားတဲ့ပစ္စည်းတွေကျတော့ ပထဝီမြေကြီးကို ဘာမှမပျက်စီးစေနိုင်ဘူး။ ပလပ်စတစ်ပစ္စည်းတွေကတော့ မြေကြီးထဲမှာပျက်စီးပျောက်ပျက်သွားဖို့မဖြစ်နိုင်ဘူး

တစ်ခါသုံးပြီး ပစ်လိုက်ရတဲ့ပလပ်စတစ်ပစ္စည်းတွေကျတော့နေရာတကာမှာစုပုံ နေကြတယ်။ အဲဒါကြောင့်ကျွန်တော်တို့မှာ အဖြေနှစ်ခုရှိတယ်လို့ထင်ပါတယ်။

**ဘုန်း** ။ ငါတို့ပုပ္ပါးတောင်သွားပြီး တရားထိုင်ကြရအောင်။ လာ – သွားကြစို့။ ရော့ – ဒါတွေစားစမ်း။

**တပည့်** ။ ကျွန်တော်ဒါတွေမစားတတ်ဘူး။

**ဘုန်း** စားကိုစားရမယ်။ ဒီဆေးတွေစားရင် တရားထိုင်တဲ့အခါ စိတ်စွမ်းအားတွေရလာလိမ့်မယ်။

**တပည့်** ။ ဒါတွေကလူအသားတွေနဲ့တူတယ်။ ကျွန်တော်မစားဘူး။

**ဘုန်း** ။ ကောင်းပါပြီ။ မင်းအဲဒါတွေမစားဘဲ တရားထိုင်တော့။ (တစ်ဦးတည်းပြော) အိပ်တော့သွားပြီ။ နိုးလာရင်ဘာပြောမလဲမသိဘူး။ ဟော – ပြောယင်း ဆိုယင်း နိုးလာပြီ။ ထတော့ဟေ့။ ထတော့။ မင်းအဖြေရပြီလား။ ပြောစမ်း။

**တပည့်** ။ အဖြေကတော့ လူတွေအားလုံးပလပ်စတစ်ကို လျှော့သုံးကြရမယ်လို့ သိရပါတယ်။ ဒါပါဘဲ။

ပြီးပါပြီ။